မှတ်ပုံတင်အမှတ်-၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၀ ] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် (၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်) } သောကြာနေ့ [ အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၄/၂၀၂၁)**

**မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှ ကာလပတ်လုံး မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ၏ အခန်း(၄)ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၅/၂၀၂၁)

## ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှ ကာလပတ်လုံး ရခိုင်ပြည်နယ်စည်ပင်သာယာရေးဥပဒေ၏ အခန်း (၃) နှင့် (၄) တို့ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၆/၂၀၂၁)

## ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေး ဥပဒေ၏ အခန်း(၃)တွင်ပါရှိသော ပုဒ်မ ၄ ၏ ပုဒ်မခွဲ(ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ ပုဒ်မ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ နှင့် ၁၁ တို့ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၇/၂၀၂၁)

## ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ၏ အခန်း(၃)ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၁၄ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၄)၊ ပုဒ်မ ၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ (Anti Money Laundering Central Board – AMLCB) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| ( ဂ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ( င ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| ( ဍ ) | ဌာနကြီးမှူး<br>နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး | အဖွဲ့ဝင် |

(ဎ) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဏ) တပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး
ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့

၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ခြင်း၊ ယင်းမူဝါဒနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနများ၊ အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းအရေးယူဆောင်ရွက်ခြင်း၊

(ခ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်း၊

(ဂ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ်ကို အကဲဖြတ်ခြင်းဆောင်ရွက်၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ သတင်းပို့အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အန္တရာယ်ကို အခြေပြုချဉ်းကပ်ခြင်းနည်းလမ်းများအသုံးပြုလျက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ်တစ်ရပ်လုံးကို ထိရောက်စွာဆောင်ရွက်နိုင်ရေး အတွက် ကော်မတီများဖွဲ့စည်း၍ တာဝန်ပေးအပ်ခြင်း၊

(ဃ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ချမှတ်ထားသည့် အမျိုးသားမူဝါဒ၊ မဟာဗျူဟာများ အကောင်အထည် ဖော်ဆောင်မှုနှင့် ပုဒ်မခွဲ (ဂ) အရ အမျိုးသားအဆင့်အန္တရာယ်ကို အကဲဖြတ်ခြင်းဆောင်ရွက်မှုကို လည်းကောင်း၊ သတင်းပို့အဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် အခြားဆက်စပ်အဖွဲ့အစည်းများ၏ သတင်းပို့ခြင်းဆိုင်ရာ လိုအပ်ချက်တို့ကိုလည်းကောင်း စောင့်ကြည့်စစ်ဆေးခြင်း၊

(င) သတင်းပို့အဖွဲ့အစည်းများ လိုက်နာရန် အောက်ပါအချက်များကို သတ်မှတ်ပြဋ္ဌာန်းသည့်ညွှန်ကြား ချက်များ ထုတ်ပြန်ခြင်း-

(၁) ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အန္တရာယ် အဆင့်မြင့်မားသည့် အခြေအနေမျိုးတွင် ဆက်သွယ်ဆောင်ရွက်သူအပေါ် တိုးမြှင့်အလေးထား စိစစ်ခြင်းလုပ်ငန်းစဉ်များ၊

(၂) စီးပွားဆက်ဆံဆောင်ရွက်မှု ထူထောင်ပြီးနောက် သို့မဟုတ် လွှဲပြောင်းဆောင်ရွက်မှုတစ်ရပ် ဆောင်ရွက်ပြီးနောက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အတည်ပြုစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ။

(စ) ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ငွေကြေးခဝါချ၍ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်း ဆောင်ရွက်ခြင်း မပြုနိုင်စေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအား လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံတော်၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ် တွင် ပါဝင်သည့် သတင်းပို့အဖွဲ့အစည်းများကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် တားဆီး နှိမ်နင်းရေးကဏ္ဍတို့မှ ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းစဉ်မူဝါဒချမှတ်ခြင်းနှင့်လမ်းညွှန်ခြင်း၊

(ဈ) ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသို့ တင်ပြခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

**အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဓမ္မခိုင်းစေမှုပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်သည့်ဌာနများနှင့်ပူးပေါင်းဆောင်ရွက်မည့် **အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>(အလုပ်သမားရေးရာဆိုင်ရာ)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ပူးတွဲဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဖူလုံရေးအဖွဲ့
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(န) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဖ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဗ) | ကိုယ်စားလှယ်တစ်ဦး<br>စစ်ဥပဒေချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | တပ်ဖွဲ့မှူး<br>လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | ကိုယ်စားလှယ်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ယ) | တွဲဖက်အထွေထွေအတွင်းရေးမှူး<br>ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ရ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (CTUM) | အဖွဲ့ဝင် |
| (လ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတောင်သူလယ်သမား၊<br>စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ<br>အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM–IUF) | အဖွဲ့ဝင် |
| (ဝ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ<br>အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS–TUsF) | အဖွဲ့ဝင် |
| (သ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဟ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>(အလုပ်သမားရေးရာဆိုင်ရာ)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူဝါဒချမှတ်ခြင်းနှင့် လိုအပ်ပါက အမိန့်ကြော်ငြာစာများထုတ်ပြန်ခြင်း၊

(ခ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနများကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အစီရင်ခံစာတင်ပြခြင်း၊

(စ) အဓမ္မခိုင်းစေမှုပပျောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဆ) အမှုများနှင့်စပ်လျဉ်း၍ စောင့်ကြည့်စစ်ဆေးရန် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီ အစည်းအဝေးကို (၄) လ တစ်ကြိမ်ကျင်းပခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ည) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဌ) ဒုတိယရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဍ) စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်
စီမံအုပ်ချုပ်ရေးကောင်စီ

(ဎ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဏ) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(တ) အရာရှိကြီး (၁) ဦး — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ထ) အရာရှိကြီး (၁) ဦး — အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(ဒ) ရဲချုပ် — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဓ) ဌာနကြီးမှူး — တွဲဖက်အတွင်းရေးမှူး
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး

၂။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံချက်များချမှတ်ခြင်း၊

(ခ) လိုအပ်သောလုပ်ငန်းကော်မတီများနှင့် အဖွဲ့များကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီများ၊ အဖွဲ့များ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သည့် အဖျက်စွမ်းအားကြီးမားသော လက်နက်များအား တားဆီးကာကွယ်ရေး၊ ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့အတွက် လိုအပ်သောအစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့်ဖြစ်စေ၊ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြေညာချက်အရဖြစ်စေ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စုအဖြစ်လည်းကောင်း၊ သူတစ်ဦးဦးကို အကြမ်းဖက်သမားအဖြစ်လည်းကောင်း သတ်မှတ်ကြေညာခြင်းနှင့် ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(စ) အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်သမားက ပိုင်ဆိုင်သော သို့မဟုတ် ငှားရမ်းအသုံးပြုသော သို့မဟုတ် ထိန်းချုပ်ပျံသန်းသော လေယာဉ်များအား နိုင်ငံတော်၏ပိုင်နက်နယ်မြေအတွင်းဆင်းသက်ခြင်း၊ ယင်းမှပျံတက်ထွက်ခွာခြင်း မပြုနိုင်ရေး အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) အကြမ်းဖက်မှုများကိုတားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့အတွက် ဤဥပဒေ အခန်း (၁၅) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဝင် နိုင်ငံများနှင့်လည်းကောင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းဝင်နိုင်ငံများနှင့် ဤဥပဒေအခန်း (၁၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကြမ်းဖက်သမားများကို အပြန်အလှန်လွှဲပြောင်းပေးရန် ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဈ) ဤဥပဒေအခန်း (၁၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တည်ထောင်ထားရှိသော အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို စီမံခန့်ခွဲခြင်းနှင့် သုံးစွဲခြင်း၊

(ည) အကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းရာတွင်ပါဝင်ပြီး ထိရောက်စွာတားဆီးနှိမ်နင်းသည့် တပ်ဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြည်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊

(ဋ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ ကြံစည်အားထုတ်မှုကို ကြိုတင်သတင်းပေးသူ၏ လုံခြုံရေးကိုဖြစ်စေ၊ အရေးယူမှု သို့မဟုတ် တရားစွဲဆိုမှုများတွင် သတင်းပေးသူနှင့် သက်သေများ၏ လုံခြုံရေးကိုဖြစ်စေ ထိရောက်စွာကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဌ) ပုဒ်မခွဲ (င) အရ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာသည့်အခါ ယင်း အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကို ထိန်းချုပ်ရန် အမိန့် ထုတ်ပြန်ခြင်း၊

(ဍ) ပုဒ်မခွဲ (ဌ) ပါ အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းနှင့် ရန်ပုံငွေများနှင့်စပ်လျဉ်း၍ ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှမပြုလုပ်ရန် တားမြစ်ချက်ထုတ်ပြန်ခြင်း၊

(ဎ) ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ဗဟိုအဖွဲ့က အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားရာမှ ပြန်လည်ရုပ်သိမ်းသည့်အခါ ပုဒ်မခွဲ (ဌ) ပါ ပစ္စည်းများနှင့် ရန်ပုံငွေများအပေါ် ထိန်းချုပ်ခြင်းအမိန့်ကို ပယ်ဖျက်ခြင်း၊

(ဏ) သဘောရိုးဖြင့် ဆောင်ရွက်ပေးသော ပုဂ္ဂိုလ်၏ အကျိုးစီးပွားကိုမထိခိုက်စေရန် ကာကွယ်စောင့်ရှောက် ပေးခြင်း၊

(တ) ပုဒ်မခွဲ (ဌ) မှ ပုဒ်မခွဲ (ဏ) ထိ လုပ်ငန်းစဉ်ဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများချမှတ်၍ တာဝန်ယူ ဆောင်ရွက်သည့်ဌာန သို့မဟုတ် တပ်ဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်မှုကို လမ်းညွှန်ကွပ်ကဲခြင်း၊

(ထ) အကြမ်းဖက်မှုကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ် မရည်ရွယ်သော အဖွဲ့အစည်းများအား အသွင်ယူဖွဲ့စည်းခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ရာလမ်းကြောင်းအဖြစ် အသုံးပြုခြင်း သို့မဟုတ် လမ်းကြောင်းပြောင်းခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းမပြုနိုင်စေရန် လိုအပ်သောလမ်းညွှန်မှုနှင့် လုပ်ထုံး လုပ်နည်းများချမှတ်ခြင်း၊

(ဒ) အကြမ်းဖက်မှုကို ဖော်ထုတ်အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ တားဆီး နှိမ်နင်းရေးအဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အများပြည်သူသို့ အသိပညာပေးရေး နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းများဆောင်ရွက်ခြင်း၊

(ဓ) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များကို အစိုးရအဖွဲ့ သို့မဟုတ် အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

**အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း**

၁။ အမျိုးသားအဆင့် ဘူမိဥယျာဉ် (Geopark) များ စနစ်တကျသတ်မှတ်တည်ထောင်ရာတွင် မူဝါဒဆိုင်ရာလုပ်ငန်းများနှင့် လိုအပ်သည့် လမ်းညွှန်ကြီးကြပ်ညှိနှိုင်းမှုများပြုလုပ်နိုင်ရန် အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>UNESCO အမျိုးသားကော်မရှင် | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီအား ဖွဲ့စည်းခြင်း၊

(ခ) ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီအား ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဂ) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်တို့ သတ်မှတ်ရေးအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်တို့ သတ်မှတ်ရေးဆောင်ရွက်နေမှုအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခြင်း၊

(င) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ် စီမံအုပ်ချုပ်မှုအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီအစည်းအဝေးကို ပုံမှန် (၁) နှစ်လျှင် (၂) ကြိမ်ခေါ်ယူကျင်းပခြင်း၊ လိုအပ်ပါက ကြားဖြတ်အစည်းအဝေးကို ခေါ်ယူကျင်းပခြင်း၊

(ဆ) ကော်မတီအစည်းအဝေးရလဒ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခြင်း၊

(ဇ) ကော်မတီအစည်းအဝေးလမ်းညွှန်ချက်၊ ဆုံးဖြတ်ချက်များကို ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီသို့ ပေးပို့ခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ယင်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ **လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန　ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန　ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန　ဒုတိယဥက္ကဋ္ဌ

| | | |
|---|---|---|
| (ဃ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| ( င ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| ( ဈ ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| ( ဒ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| ( ဓ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( န ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |
| ( ပ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) | အဖွဲ့ဝင် |

(ဖ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ဗ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

(ဘ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

(မ) နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် အဖွဲ့ဝင်
စီမံအုပ်ချုပ်ရေးကောင်စီမှ ကိုယ်စားလှယ် (၁) ဦး

(ယ) ဌာနကြီးမှူး အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး

(ရ) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(လ) တပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၁/၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ အခန်း (၃)၊ ပုဒ်မ ၄ နှင့် ၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ဍ) | စစ်ဦးစီးဗိုလ်မှူးချုပ်<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး | အဖွဲ့ဝင် |
| (ဏ) | ဌာနကြီးမှူး<br>နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (တ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (ထ) | တပ်ဖွဲ့မှူး<br>မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊

(ဂ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊ လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) သီးနှံများအစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေယာများဖော်ထုတ်ပေးရေး၊ မြေယာချထားပေးရေး၊ အထောက်အကူပြုပစ္စည်းများပံ့ပိုးပေးရေးနှင့် လိုအပ်သည့် အကူအညီများပေးရေးတို့အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(င) ဆေးဝါးသုံးစွဲသူများအား ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေးလှုံ့ဆော်ရေးတို့နှင့် စပ်လျဉ်း၍ အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(စ) ဆေးဝါးသုံးစွဲသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများကို ပြန်လည်ထူထောင်ပေးရေးနှင့်စပ်လျဉ်း၍ စီမံချက်များချမှတ်ပြီး စည်းရုံးလှုံ့ဆော်ခြင်း၊ သင့်လျော်သော ကူညီထောက်ပံ့မှုများပေးခြင်း၊ လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးစေခြင်း၊

(ဆ) ဗဟိုအဖွဲ့မှချမှတ်သော လုပ်ငန်းစဉ်များစနစ်တကျနှင့် အောင်မြင်မှု ရှိ မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဇ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများကို သတ်မှတ်ချက်နှင့်အညီ ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း၊

(ဈ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများအား လွှဲပြောင်းခြင်း၊ အသွင်ပြောင်းလဲခြင်းကြောင့် ရရှိသော ငွေကြေး၊ ပစ္စည်း၊ အကျိုးအမြတ်များကိုလည်းကောင်း၊ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သလိုညွှန်ကြားခြင်း၊

(ည) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဝရမ်းကပ်ချိပ်ပိတ်ထားရန်ညွှန်ကြားခြင်း၊ ဝရမ်းကပ်ချိပ်ပိတ်ထားခြင်းကို ရုပ်သိမ်းရန်ညွှန်ကြားခြင်း၊ တရားစွဲဆိုသည့် ပြစ်မှုတွင် သက်ဆိုင်ရာတရားရုံးက ချမှတ်သော အပြီးသတ်ဆုံးဖြတ်ချက်နှင့်အညီ လိုအပ်သလို စီမံခန့်ခွဲခြင်း၊

(ဋ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါပြစ်မှုနှင့်သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို သက်ဆိုင်ရာရှာဖွေသိမ်းဆည်းပိုင်ခွင့်ရှိသူများအား စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်ပြုရန်နှင့် သက်သေခံပစ္စည်းသိမ်းဆည်းခွင့်ပြုရန် သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား အမိန့်ထုတ်ဆင့် ညွှန်ကြားခြင်း၊

(ဌ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပိုင်ရှင်မပေါ်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို လိုအပ်သလိုစီမံခန့်ခွဲခြင်း၊

(ဍ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်နှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူသောပြစ်မှုနှင့်စပ်လျဉ်း၍ ဆုငွေချီးမြှင့်ရေးအတွက် လိုအပ်သလိုစီမံခန့်ခွဲခြင်း၊

(ဎ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ၏ အခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အခါအားလျော်စွာ အစီရင်ခံခြင်း၊

(ဏ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(တ) ဗဟိုအဖွဲ့သည် အောက်ပါလုပ်ငန်းအဖွဲ့အစည်းများကို ဖွဲ့စည်းပေးပြီး ယင်းလုပ်ငန်းအဖွဲ့အသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်-

(၁) တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့

(၂) အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့

(၃) သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့

(၄) မွေးမြူရေးအဖွဲ့

(၅) ဆေးကုသရေးအဖွဲ့

(၆) ပြန်လည်ထူထောင်ရေးအဖွဲ့

(၇) ကျောင်းသားလူငယ်များ အသိပညာပေးရေးအဖွဲ့

(၈) ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့

(၉) နိုင်ငံတကာဆက်ဆံရေးအဖွဲ့

(၁၀) ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့

(၁၁) လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့

(ထ) ဗဟိုအဖွဲ့သည် အောက်ပါဒေသဆိုင်ရာအဖွဲ့များကို ဖွဲ့စည်းပေးပြီး ယင်းဒေသဆိုင်ရာအဖွဲ့အသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်-

(၁) တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များ၊

(၂) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ခွဲနှင့် တပ်ဖွဲ့စုများ။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

**ပြည်ပတွင်အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ပသို့ မြန်မာအလုပ်သမားများစေလွှတ်ခြင်းလုပ်ငန်းစဉ်တွင်လုံခြုံစိတ်ချရသောရွှေ့ပြောင်းသွားလာမှုဖြစ်စေရေးနှင့်ပြည်ပတွင်အလုပ်လုပ်ကိုင်နေသူများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သလိုပြန်လည်သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ခြင်းပြုနိုင်ရန် **ပြည်ပတွင်အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>(လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဌ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ထ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
(အလုပ်သမားရေးရာဆိုင်ရာ)
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဒ) ဒုတိယဝန်ကြီး — တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီသည် မိမိလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ မူဝါဒသဘောပါရှိသောကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ သဘောတူညီချက်ရယူ၍ ဆောင်ရွက်ရမည်။

၃။ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊ ယင်းဥပဒေအရ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ပြည်ပသို့အလုပ်သမားများ ရွေးချယ်စေလွှတ်နေမှုများကို လိုအပ်သလို ပြန်လည်သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) ပြည်ထဲရေးဝန်ကြီးဌာနက မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေ၊ ယင်းအက်ဥပဒေအရ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်များနှင့်အညီ ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် လုပ်ငန်းအထောက်အထားပြလျက်

လျှောက်ထားသူများအား စိစစ်စေလွှတ်နေမှုများကို လိုအပ်သလို ပြန်လည်သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်း၊

(ဂ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများထံမှ ဝင်ငွေခွန်ဥပဒေအရ သတ်မှတ်ထားသည့် နှုန်းထားများသည် သင့်မြတ်မှု ရှိ မရှိ စိစစ်ခြင်း၊ ဝင်ငွေခွန်များ မှန်ကန်စွာပေးသွင်းစေရန် လမ်းညွှန်ခြင်း၊ ဝင်ငွေခွန်များ အခက်အခဲမရှိစေဘဲ ပေးသွင်းနိုင်ကြစေရန် နည်းလမ်းများချမှတ်ပေးခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများထံမှ သတ်မှတ်ထားသည့် မိသားစုလွှဲပို့ငွေများ မှန်မှန်ကန်ကန် ပေးပို့မှု ရှိ မရှိ စိစစ်ခြင်း၊ မိသားစုလွှဲပို့ငွေများ အခက်အခဲမရှိဘဲပေးပို့နိုင်ကြစေရန် နည်းလမ်းများ ချမှတ်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများက မိမိတို့ရရှိသည့် နိုင်ငံခြားသုံးငွေများအနက်မှ စုဆောင်းရရှိသည့်ငွေများကို မိမိတို့၏မိသားစုထံ တရားဝင်လွှဲပြောင်းပေးနိုင်ရေးအတွက် နည်းလမ်းများချမှတ်ပေးခြင်း၊

(စ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများက သတ်မှတ်ထားသည့်အတိုင်း မိသားစုလွှဲပို့ငွေအဖြစ်ပေးပို့ခြင်း၊ မိမိတို့စုဆောင်းရရှိငွေများကို မိသားစုထံပြန်လည်ပေးပို့ခြင်းတို့တွင် မိမိတို့သဘောဆန္ဒအလျောက် တရားဝင်မှန်မှန်ကန်ကန်ပေးပို့စေရန် သင့်လျော်သောဆွဲဆောင်မှု (Incentive) များသတ်မှတ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများကျန်းမာရေးစောင့်ရှောက်ခွင့်နှင့်ဆေးကုသခွင့်အပြည့်အဝရရှိနိုင်ရေး နည်းလမ်းများ ချမှတ်ပေးခြင်း၊ သက်ဆိုင်ရာလက်ခံနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဇ) ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများ၏ သားသမီးများ ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဈ) ပြည်ပတွင် အလုပ်လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အလုပ်သမားများအား အထောက်အထားထုတ်ပေးရေး လုပ်ငန်းစဉ်တွင် ကောက်ခံရမည့် ငွေကြေးနှုန်းထားများကို သတ်မှတ်ခြင်း၊

(ည) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၄။ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီသည် မိမိအား ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရန်လိုအပ်သည့်ကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြပြီး အဆုံးအဖြတ်ရယူ၍ ဆောင်ရွက်ရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၃/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

**မြန်မာ – ထိုင်း အတွင်းပိုင်းရေပြင် (Internal Waters) နယ်နိမိတ်သတ်မှတ်ရေးနှင့် ပတ်ချန်မြစ်ဝရှိ ကျွန်း (၃) ကျွန်းကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဥပဒေရေးရာနှင့် နည်းပညာကျွမ်းကျင်မှု ဆပ်ကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာ – ထိုင်း ကုန်းနယ်နိမိတ် အငြင်းပွားနေရာများနှင့် ပတ်ချန်မြစ်ဝရှိ ကျွန်း (၃) ကျွန်းကိစ္စတို့နှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ဦးစီးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ပေးထားသော မူဝါဒဘောင်အတွင်းမှ မြန်မာ – ထိုင်း အတွင်းပိုင်းရေပြင်နယ်နိမိတ်သတ်မှတ်ရန်နှင့် ပတ်ချန်မြစ်ဝရှိ ကျွန်း (၃) ကျွန်းကိစ္စတို့နှင့်စပ်လျဉ်း၍ ဥပဒေနှင့် နည်းပညာအရ ကြိုတင်ပြင်ဆင် ရှာဖွေလေ့လာရေးကိစ္စတို့ကို တာဝန်ယူဆောင်ရွက်ရန်၊

(ခ) လျှို့ဝှက်စွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့် ကိစ္စဖြစ်သည်နှင့်အညီ သတင်းလုံခြုံရေးကို ထိန်းသိမ်းရန်၊

(ဂ) မြန်မာ – ထိုင်း အတွင်းပိုင်းရေပြောင်နယ်နိမိတ်နှင့် ပတ်ချန်မြစ်ဝရှိ ကျွန်း (၃) ကျွန်းနှင့်စပ်လျဉ်းသည့် သမိုင်းသက်သေခံအထောက်အထားများ၊ အခြားအထောက်အပံ့ပြုမည့် အချက်အလက်များ ရှာဖွေစုဆောင်း ပံ့ပိုးကူညီရန်နှင့် ရှေ့အလားအလာကို လေ့လာဆန်းစစ် သုံးသပ်တင်ပြရန်၊

(ဃ) ဥပဒေရေးရာနှင့် နည်းပညာကျွမ်းကျင်မှုဆပ်ကော်မတီကို လိုအပ်သည့်အရေအတွက်ဖြင့် ကျစ်လျစ်စွာ ဖွဲ့စည်းရန်၊ ယင်းဆပ်ကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်ဆန်ထိရောက်မှုရှိစေရေးအတွက် လုပ်ထုံးလုပ်နည်း "မူ" များကို ချမှတ်ရန်၊

(င) အဆိုပါဆပ်ကော်မတီ၏ လုပ်ငန်းများကိုကြီးကြပ်ရန်၊ ဆောင်ရွက်မှုနှင့်ဖြစ်ပေါ်နေသော အခြေအနေများအားလုံးကို တင်ပြရန်၊

(စ) လိုအပ်ပါက ဆပ်ကော်မတီဝင်များ ဖြည့်စွက်ခန့်ထားရန်၊

(ဆ) ပြည်ပရှေ့နေများနှင့် နည်းပညာကျွမ်းကျင်သူများကို ငှားရမ်း၍ အကြံပြုချက်ရယူရန် လိုအပ်လာပါက ငှားရမ်းရေးအတွက် နိုင်ငံခြားငွေကုန်ကျစရိတ်ရရှိရေး တင်ပြခွင့်ပြုချက်ရယူရန်။

၃။ ဦးစီးကော်မတီ၏ လုပ်ငန်းများကို ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရန် ဥပဒေရေးရာနှင့် နည်းပညာကျွမ်းကျင်မှု ဆပ်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူးကြီးရဲလွင်<br>တပ်မှူး၊ ရေတပ်ပင်မတိုင်းတာရေးတပ်<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြေတိုင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဋ) ဒေါက်တာသူရဦး — အဖွဲ့ဝင်
ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဌ) ဒေါက်တာမြင့်မြင့်ခိုင် — အဖွဲ့ဝင်
ကျောင်းအုပ်ကြီး၊ ပခုက္ကူနည်းပညာတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဍ) ဒေါက်တာဥမ္မာကျော် — အဖွဲ့ဝင်
ပါမောက္ခချုပ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
နယ်နိမိတ်ဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဏ) ပါမောက္ခ/ ဌာနမှူး — အဖွဲ့ဝင်
ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(တ) ဒေါက်တာခင်မာရီ — အဖွဲ့ဝင်
ပါမောက္ခ (ငြိမ်း)၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ထ) ဒေါက်တာတင်မေထွန်း — အဖွဲ့ဝင်
ပါမောက္ခ (ငြိမ်း)၊ ဥပဒေပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဒ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဓ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)

(န) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ရေကြောင်းရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ပ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

( ဖ ) ဒေါက်တာဇော်မင်းအောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စာချုပ်များဌာန
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

( ဗ ) အရာထမ်းတစ်ဦး — တွဲဖက်အတွင်းရေးမှူး
အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စာချုပ်များဌာန
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

၄။ ဥပဒေရေးရာနှင့် နည်းပညာကျွမ်းကျင်မှုဆပ်ကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာ – ထိုင်း အတွင်းပိုင်းရေပြင်နယ်နိမိတ်နှင့် ပတ်သက်၍ ပြစ်ဝရှိ ကျွန်း (၃) ကျွန်းကိစ္စနှင့်စပ်လျဉ်းသည့် သမိုင်းအထောက်အထားများ၊ သက်သေခံအချက်အလက်များ၊ အခြားအထောက်အပံ့ပြုမည့် အချက်အလက်များ၊ ဥပဒေအထောက်အထားနှင့် အချက်အလက်များအား ရှာဖွေစုဆောင်း ပံ့ပိုးကူညီရန်၊ ရှာဖွေတွေ့ရှိသည့် ဥပဒေအထောက်အထားများ (Case Study အပါအဝင်) နှင့် အချက်အလက်များအား ဆပ်ကော်မတီအတွင်း ဆွေးနွေးရန်၊ ရှေ့အလားအလာကို လေ့လာဆန်းစစ် သုံးသပ်တင်ပြရန်၊

( ခ ) နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်၊ အထောက်အထားနှင့် အချက်အလက်များအား စုဆောင်းရှာဖွေရန်၊ ရေပုံများရှာဖွေပေးရန်၊ လိုအပ်သည့် အထောက်အကူပြု မြေပုံ၊ ရေပုံများ ပြုစုထားရန်၊

( ဂ ) တစ်ဖက်နိုင်ငံက ဥပဒေကြောင်းအရ ဖြေရှင်းရန် ဆောင်ရွက်လာပါက ကူညီပံ့ပိုးနိုင်မည့် ဥပဒေရေးရာနှင့် နည်းပညာဆိုင်ရာအကိုးအကား၊ အချက်အလက်၊ အထောက်အထားများကိုပြုစုထားရန်၊ အပြည်ပြည် ဆိုင်ရာ အငြင်းပွားမှုကိစ္စရပ်များ ဖြေရှင်းရေးနှင့်ပတ်သက်သည့် ဥပဒေရေးရာနှင့် နည်းပညာဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား Case Study ပြုလုပ်ထားရန်၊

(ဃ) တစ်ဖက်နိုင်ငံမှ တင်ပြလာနိုင်မည့် အချက်အလက်များအတွက် ချေပနိုင်ရန် ဥပဒေရေးရာနှင့် နည်းပညာဆိုင်ရာ အချက်အလက်အထောက်အထားများအတွက် ရှာဖွေလေ့လာပြုစုထားရန်နှင့် မိမိနိုင်ငံဘက်မှ ခိုင်မာစွာသက်သေပြနိုင်မည့်အချက်အလက်များကို ရှာဖွေစုဆောင်းရန်၊

( င ) မိမိ၏ လုပ်ဆောင်ချက်များကို ဦးစီးကော်မတီသို့ တင်ပြအစီရင်ခံရန်၊

( စ ) ဆပ်ကော်မတီအတွင်း ဆုံးဖြတ်ရန်ခက်ခဲသောကိစ္စရပ်များ ပေါ်ပေါက်လာပါက ဦးစီးကော်မတီသို့ တင်ပြလမ်းညွှန်ချက် ခံယူဆောင်ရွက်ရန်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မှတ်ချက်။ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပ ကုန်ကျစရိတ်များကို သတ်မှတ်ထားသည့် အထူးရန်ပုံငွေမှ သုံးစွဲရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

**သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းများတွင် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ၏အကျိုးကို ရည်ရွယ်၍ ပြစ်ဒဏ်ကာလစိစစ်နိုင်ရေးအတွက် **သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးဗဟိုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဂ) ဒုတိယဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

